# အီးယူ – စင်ကာပူ လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်သည် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် စတင်အာဏာသက်ဝင်မည်

အီးယူ – စင်ကာပူ လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ် (EU– Singapore Free Trade Agreement – EUSFTA) ကို အပြီးသတ်ရန် ဥရောပသမဂ္ဂ (အီးယူ) ကောင်စီက ၈ – ၁၁ – ၂၀၁၉ ရက်နေ့တွင် သဘောတူဆုံးဖြတ်ခဲ့ပြီဖြစ်သောကြောင့် EUSFTA သည် ၂၁ – ၁၁ – ၂၀၁၉ ရက်နေ့တွင် စတင်အာဏာသက်ဝင်လာတော့မည်ဖြစ်ကြောင်း သိရှိရပါသည်။

EUSFTA သည် ကမ္ဘာ့အကြီးဆုံး တစ်ခုတည်းသောဈေးကွက် (Single Market) အီးယူနှင့် အာဆီယံအဖွဲ့ဝင်အကြား ပထမဆုံး ချုပ်ဆိုနိုင်ခဲ့သည့် FTA ဖြစ်ကြောင်း၊ ၂၀၃၀ ခုနှစ်တွင် ကမ္ဘာ့စတုတ္ထမြောက် အကြီးဆုံးဈေးကွက်တစ်ခုဖြစ်လာရန် မျှော်မှန်းထားသော အာဆီယံနှင့် အီးယူအကြား တိုးတက်ကောင်းမွန်သည့်ဆက်ဆံရေး ပိုမိုပြုလုပ်သွားနိုင်မည့် ခြေလှမ်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ တံခါးဖွင့်မူဝါဒနှင့် စည်းမျဉ်းအခြေခံသော နိုင်ငံတကာ ကုန်သွယ်ရေးစနစ်အပေါ် စင်ကာပူ၏ ခိုင်မာသည့် ကတိကဝတ်များကို ဖော်ပြနေသကဲ့သို့ အီးယူနှင့် စင်ကာပူ နှစ်ဖက်လုံးအတွက် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ယူဆောင်လာမည်ဖြစ်ကြောင်း စင်ကာပူနိုင်ငံ၊ ကုန်သွယ်မှုနှင့်စက်မှုဝန်ကြီးဌာန၏ ကုန်သွယ်မှုဆက်ဆံရေးဆိုင်ရာ တာဝန်ခံဝန်ကြီး Mr. Iswaran က ပြောကြားပါသည်။

အီးယူနှင့် စင်ကာပူအကြား ကုန်စည်ကုန်သွယ်မှုအခြေအနေမှာ အီးယူသည် စင်ကာပူ၏ တတိယမြောက် အများဆုံးကုန်သွယ်ဖက်ဖြစ်ပြီး၊ အာဆီယံတွင် စင်ကာပူသည် အီးယူ၏ အများဆုံးကုန်သွယ်ဖက်ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တွင် နှစ်ဖက်ကုန်စည်ကုန်သွယ်မှုသည် စင်ကာပူဒေါ်လာ ၁၁၄ ဘီလီယံကျော် ရှိခဲ့ပါသည်။ စင်ကာပူသည် အီးယူသို့ စင်ကာပူဒေါ်လာ ၄၉ ဘီလီယံ တင်ပို့ခဲ့ပြီး၊ အီးယူမှ စင်ကာပူဒေါ်လာ ၆၅ ဘီလီယံ တင်သွင်းခဲ့ခြင်းဖြစ်ပါသည်။

ဝန်ဆောင်မှုကုန်သွယ်ရေးပိုင်းအနေဖြင့် အာဆီယံဒေသတွင် အီးယူ၏ အများဆုံးကုန်သွယ်ဖက်မှာ စင်ကာပူ ဖြစ်သကဲ့သို့ စင်ကာပူ၏ အများဆုံး ကုန်သွယ်ဖက်မှာလည်း အီးယူဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်တွင် စင်ကာပူသည် အီးယူသို့ စင်ကာပူဒေါ်လာ ၃၉ ဘီလီယံ တင်ပို့ခဲ့ပြီး၊ အီးယူမှ စင်ကာပူဒေါ်လာ ၄၀ ဘီလီယံကျော် တင်သွင်းခဲ့ပါသည်။ အီးယူနှင့် စင်ကာပူအကြား ဝန်ဆောင်မှုကုန်သွယ်ရေးမှာ စင်ကာပူဒေါ်လာ ၇၉ ဘီလီယံကျော်ခဲ့ပါသည်။

ထို့ပြင် ၂၀၁၇ ခုနှစ် စာရင်းအရ အီးယူသည် စင်ကာပူတွင် စင်ကာပူဒေါ်လာ ၃၇၆ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံခဲ့သည့်အတွက် စင်ကာပူတွင် အများဆုံးရင်းနှီးမြှုပ်နှံသူဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်စာရင်းအရ စင်ကာပူတွင် အီးယူမှ ကုမ္ပဏီပေါင်း ၁၄,၀၀၀ ကျော်ရှိပါသည်။ ၂၀၁၇

ခုနှစ်တွင် စင်ကာပူသည် အီးယူတွင် စင်ကာပူဒေါ်လာ ၁၂၂ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံခဲ့သော ကြောင့် အီးယူ၏ သတ္တမမြောက် အများဆုံးရင်းနှီးမြှုပ်နှံသူ ဖြစ်ပါသည်။

EUSFTA တွင် အကောက်ခွန်၊ အကောက်ခွန်မဟုတ်သောအတားအဆီးများကို ဖယ်ရှားခြင်းနှင့် ဈေးကွက်ဝင်ရောက်နိုင်မှု တိုးတက်ကောင်းမွန်စေရေးအတွက်သာမက e-commerce၊ လုပ်သားအခွင့်အရေးများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်ပေးမှုများအပါအဝင် ကုန်သွယ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ထားပါသည်။ အကောက်ခွန်ဖယ်ရှားမှုအနေဖြင့် စင်ကာပူသည် အီးယူ၏ ပို့ကုန်အားလုံးအပေါ် အကောက်ခွန် ဖယ်ရှားပေးမည်ဖြစ်ပြီး၊ EUSFTA စတင်အာဏာသက်ဝင်သည့် ပထမနှစ်အတွင်း အီးယူသည် စင်ကာပူမှ ပို့ကုန်များ၏ ၈၄ ရာခိုင်နှုန်းအထိ အကောက်ခွန်ဖယ်ရှားပေးမည်ဖြစ်ပြီး၊ ကျန် ၁၆ ရာခိုင်နှုန်းကို (၃) နှစ်မှ (၅) နှစ်အတွင်း ဖယ်ရှားပေးသွားမည်ဖြစ်ပါသည်။ ထူးခြားမှုအနေဖြင့် EUSFTA သည် စင်ကာပူတွင် ထုတ်လုပ်သည့် အာရှစားသောက်ကုန်များကို အီးယူသို့ တင်ပို့ပါက တစ်နှစ်လျှင် စုစုပေါင်း မက်ထရစ်တန်ချိန် ၁,၂၅၀ အထိ အီးယူ၏ အကောက်ခွန်ကင်းလွတ်ခွင့်ကို ခံစားနိုင်မည့် ပထမဆုံး FTA ဖြစ်ကြောင်း သိရှိရပါသည်။

သတင်းရင်းမြစ် ။ ။ **Press Release, Singapore, Ministry of Trade & Industry/ The Straits Times**